# Chin State's MP

By Julia Thang

## 27th May 1990 Multi-party general election
## Chin State Constituency
## Elected member of parliamentarians (MP)

| | | |
|---|---|---|
| 1. U Ling Ha | - Kanpetlet | - NUP |
| 2. U Ngin Thang | - Tedim I | - NLD |
| 3. U Pu Cin Sian Thang | - Tedim II | - ZNC |
| 4. U Taang Thang Lian Pau | - Tonzang | - ZNC |
| 5. Dr. Hmuh Thang | - Than Tlang | - Ind. |
| 6. U Kyaw Tun | - Paletwa I | - NLD |
| 7. U Htwe Aung | - Paletwa II | - NLD |
| 8. U C.K. Taik Kwe | - Falam I | - CNLD |
| 9. Dr. Za Hlei Thang | - Falam II | - CNLD |
| 10. U Ro Uk | - Matupi I | - MPP |
| 11. U Shwe Thang | - Matupi II | - NLD |
| 12. U Shing Pe Ling | - Mindat | - CNLD |
| 13. U Lian Uk | - Haka | - Ind. |

| | |
|---|---|
| CNLD | - Chin National League for Democracy |
| Ind. | - Independent |
| MPP | - Mara People's Party |
| NLD | - National League for Democracy |
| NUP | - National Unity Party |
| ZNC | - Zomi National Congress |

| | |
|---|---|
| CRPP member | - U Pu Cin Sian Thang (ZNC) |
| MPU members | - U Lian Uk (Independent) |
| | - Dr. Za Hlei Thang (CNLD) |
| | - Pu Thang Lian Pau (ZNC) |

* CRPP member – U Thawng Kho Thang (UNLD)
[Tamu, Sagaing Division]

၁၉၉၀ပြည့်နှစ် မေလ(၂၇)ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ၌ ကျင်းပခဲ့သော ပါတီစုံအထွေထွေ ရွေးကောက်ပွဲတွင် ချင်းပြည်နယ် မဲဆန္ဒနယ် (၁၃)နေရာတွင် (၇)ပါတီမှ ပါတီကိုယ်စားလှယ် (၅၃)ဦး၊ ပါတီမဲ့ တသီးပုဂ္ဂလ(၂)ဦး၊ စုစုပေါင်း (၅၅)ဦး ပါဝင်ယှဉ်ပြိုင်အရွေးခံခဲ့ကြပါသည်။ ယင်းတို့အနက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (ဒီချုပ် **NLD**)မှ (၄) နေရာ၊ ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (ချင်းဒီချုပ် **CNLD**)မှ (၃)နေရာ၊ ဇိုမီးအမျိုးသားကွန်ဂရက် (**ZNC** )မှ (၂) နေရာ၊ တသီးပုဂ္ဂလ (**Independent**) နှစ်ဦး မှ (၂)နေရာ၊ မရာပြည်သူ့ပါတီ (**MPP**)မှ (၁)နေရာ၊ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးပါတီ (**NUP**) မှ (၁)နေရာဖြင့်၊ စုစုပေါင်း (၁၃)နေရာတွင် အနိုင်ရအရွေးခံခဲ့ကြပါသည်။

အရွေးခံရသူတို့အထဲတွင် ဆရာဝန်(၂)ဦးနှင့် ရှေ့နေ(၄)ဦးပါဝင်ပါသည်။ ချင်းပြည်နယ်တွင် တသီးပုဂ္ဂလ(၂)ဦးယှဉ်ပြိုင်ခဲ့ရာ (၂)ဦးစလုံးအရွေးခံရသည့်အတွက် မြန်မာတနိုင်ငံလုံးတွင် ချင်းပြည်နယ်တခုမှာသာလျှင် တသီးပုဂ္ဂလရာနှုန်းပြည့် အရွေးခံရကြောင်း မှတ်တမ်းတင်အပ်ပါသည်။ (မြန်မာတနိုင်ငံလုံးတွင် တသီးပုဂ္ဂလ(၈၇)ဦး ပါဝင်ယှဉ်ပြိုင်ရာ၌ (၆)ဦး အရွေးခံခဲ့ရပါသည်။

ချင်းပြည်နယ်တွင် ယှဉ်ပြိုင်သောပါတီများ

1. National League for Democracy NLD
2. National Unity Party NUP
3. League for Democracy and Peace
4. Chin National League for Democracy CNLD
5. Zomi National Congress ZNC
6. Mara People's Party MPP
7. MRO (or) Khami National Solidarity Organization (M.K.N.S.O)

| | |
|---|---|
| တနိုင်ငံလုံးရွေးကောက်ပွဲဝင်သော ပါတီပေါင်း | – – – (၉၃) ပါတီ |
| မည်သည့်မဲဆန္ဒနယ်တွင်မှ ရွေးချယ်တင်မြှောက်ခြင်းမခံရသောပါတီအဖွဲ့အစည်းများ | – – – (၆၆) ပါတီ |
| ရွေးကောက်တင်မြှောက်ခံရသောပါတီ | – – – (၂၇) ပါတီ |
| ချင်းပြည်နယ်တွင် အနိုင်ရသောချင်းပါတီ **(CNLD, MPP, ZNC)** | – – – ( ၃) ပါတီ |

---

န.ဝ.တ စစ်အစိုးရသည် ပါတီများကို အကြောင်းအမျိုးမျိုးပြကာ ၁၉၉၂ ခုနှစ် မတ်လ (၈)ရက်နေ့မှစ၍၊ အမိန့်အမှတ် ၁/၉၂ ဖြင့် အဆင့်ဆင့်ပယ်ဖျက်၊ ဖျက်သိမ်းခြင်းများပြုခဲ့ပါသည်။

**၁၉၉၂ ခုနှစ် မတ်လ(၁၁)ရက်နေ့က န.ဝ.တ ၏ အမိန့်အမှတ် ၇/၉၂ ဖြင့်၊ ဖျက်သိမ်းသောပါတီ(၉) ပါတီ၊**

1. ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
   Kamans National League for Democracy
2. ကယန်းအမျိုးသားများစည်းလုံးညီညွတ်ရေး ဒီမိုကရေစီအဖွဲ့
   Democratic Organization for Kayan National Unity
3. ဇိုမီးအမျိုးသားကွန်ဂရက် Zomi National Congress [ပါတီမှတ်ပုံတင်သည့်နေ့–၁၉၈၈ အောက်တိုဘာလ(၁၈)]
4. ဒီမိုကရေစီပါတီ Democracy Party
5. ဒီမိုကရက်တစ်တက္ကသိုလ်ဘွဲ့ရ နှင့် ကျောင်းသားဟောင်းများအဖွဲ့ Graduate and Old Students Democratic Association
6. ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် United Natinalities League for Democracy (UNLD) [ပါတီမှတ်ပုံတင်သည့်နေ့–၁၉၈၉ ဖေဖော်ဝါရီလ(၂၇)]
7. မရာပြည်သူ့ပါတီ Mara People's Party (MPP) [ပါတီမှတ်ပုံတင်သည့်နေ့–၁၉၈၈ ဒီဇင်ဘာလ(၁၄)]
8. မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ Patriotic Old Comrades League
9. အမျိုးသားပြည်လည်တည်ဆောက်ရေး ဒီမိုကရေစီတပ်ပေါင်းစု (ပြည်ထောင်စုမြန်မာနိုင်ငံ)
   Democratic Front for National Reconstruction (Union of Burma)

၁၉၉၂ ခုနှစ် မတ်လ(၁၈)ရက်နေ့က န.ဝ.တ ၏ အမိန့်အမှတ် ၈/၉၂ ဖြင့်၊ ဖျက်သိမ်းသောပါတီ(၉) ပါတီ၊

1. မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် Mon National Democratic Front
2. အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီ National Democratic Party for Human Rights
3. ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် Chin National League for Democracy
   [ပါတီမှတ်ပုံတင်သည့်နေ့–၁၉၈၈ အောက်တိုဘာလ (၁၈)ရက်]
4. နာဂတောင်တန်းဒေသတိုးတက်ရေးပါတီ Naga Hills Regional Progressive Party
5. ကယားပြည်နယ်လူမျိုးပေါင်းစုံဒီမိုကရေစီအဖွဲ့ချုပ် Kayah State All Nationalities League for Democracy
6. တအောင်း(ပလောင်)အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် Ta-aung Palaung National League for Democracy
7. ပြည်ထောင်စုဓနုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် Union Danu League for Democracy
8. ပြည်ထောင်စုအမျိုးသားများဒီမိုကရေစီပါတီ Union Nationals Democracy Party
9. လီဆူးအမျိုးသားသွေးစည်းခိုင်မာရေးအဖွဲ့ Lisu National Solidarity (LNS)

## <u>၁၉၉၀ ပါတီစုံအထွေထွေရွေးကောက်ပွဲ</u>

By – Julia Thang

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ)တစ်ပါတီ အာဏာရှင်အုပ်ချုပ်ရေးစနစ်ကြောင့်၊ တိုင်းပြည်အခြေအနေ တနေ့တခြား ပိုမိုဆိုးဝါးလာပြီး ပေါက်ကွဲလုနီးနီးဖြစ်လာပါသည်။

၁၉၈၈ ခုနှစ် ဩဂုတ်လ (၈)ရက်နေ့ ရှစ်လေးလုံးအရေးတော်ပုံ လူထုအုံကြွမှုကြီးတဖြေးဖြေးအရှိန်မြင့်မားလာသောအခါ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်အရေးပေါ်အစည်းအဝေးကို ခေါ်ယူပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရဟတ်ယာဉ်၊ အထူးလေယာဉ်၊ အထူးယာဉ်များဖြင့် ခေါ်ယူကာ လွှတ်တော်ကို ကျင်းပခဲ့ကြသည်။

၁၉၈၈ ခုနှစ် စက်တင်ဘာလ(၁၁)ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်သူ့လွှတ်တော် အရေးပေါ်အစည်းအဝေးမှ လွှတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကြီးမှူးကျင်းပနိုင်ရေးအတွက် ကော်မီရှင်ကို ဖွဲ့စည်းပါသည်။

ပြည်သူလူထုအနေဖြင့် မဆလ တစ်ပါတီ အာဏာရှင်စနစ်ဖြုတ်ချရေး၊ ကြားဖြတ်အစိုးရဖွဲ့စည်းရေးကို တောင်းဆိုတိုက်ပွဲဝင်ခဲ့ကြပါသည်။

အချိန်တိုအတွင်းတွင် အာဏာရှင်ဦးနေဝင်း နုတ်ထွက်ကာ ဦးစိန်လွင် တက်လာပါသည်။ ထိုနောက် ဦးစိန်လွင်ပြုတ်ကာ ဦးမောင်မောင် သမ္မတတက်လုပ်ပါသည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ (၁၈)ရက်နေ့တွင် တပ်မတော်မှ အာဏာသိမ်းသည်ဟုကြေညာကာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (န.ဝ.တ)ကို ဗိုလ်ချုပ်ကြီးစောမောင် (ဗိုလ်ချုပ်မှူးကြီးစောမောင်) က ဦးဆောင်ဖွဲ့စည်းပါသည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ(၁၉)ရက်နေ့တွင် န.ဝ.တ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင်က ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မီရှင်ဥက္ကဋ္ဌ ဦးဘဌေး ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံပြီး ရွေးကောက်ပွဲကျင်းပပေးရန် မေတ္တာရပ်ခံခဲ့ပါသည်။

မြန်မာနိုင်ငံတွင် (၂၆)နှစ်တာကာလပတ်လုံး တစ်ပါတီစနစ်ကိုသာ ကျင့်သုံး၍ ယခု ပါတီစုံစနစ်ကျင့်သုံးရန်ဖြစ်ပေါ်လာသည့်အခါ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ၁၉၈၈ ခုနှစ် စက်တင်ဘာလ (၂၇)ရက်နေ့တွင် ပြဋ္ဌာန်းပေးခဲ့ပါသည်။

ဤသို့ဖြင့် ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးပေါ်ပေါက်လာပါသည်။ မြန်မာ့သမိုင်းတွင် အရေးကြီးသော သမိုင်းဖြစ်ရပ်တစ်ခု ဖြစ်လာပါတော့သည်။

ရွေးကောက်ပွဲတွင် သတ်မှတ်ထားသော မဲဆန္ဒနယ် (၄၉၂)နေရာတွင် (၄၈၅)နေရာ၌ ကျင်းပနိုင်ခဲ့သဖြင့် (၉၈.၅၈%) ရှိပါသည်။

– မဲပေးပိုင်ခွင့်ရှိသူဦးရေ (၂၀,၈၁၈,၃၁၃)တွင် မဲပေးသူ ၁၅,၁၁၂,၅၂၄ ဦးရှိသဖြင့် (၇၂.၅၉%) က မဲပေးပါသည်။
မဲပေး သူ (၁၅,၁၁၂,၅၂၄)တွင် ခိုင်လုံမဲ (၁၃,၂၅၃,၆၀၆) ရှိသဖြင့် (၈၇.၇% )ဖြင့် ခိုင်လုံမှုရှိပါသည်။
– ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း (၂၂၉၆)ဦး ရှိပြီး၊ တသီးပုဂ္ဂလ (၈၇)ဦး ပါဝင်ပါသည်။
အရွေးခံရသော လွှတ်တော်ကိုယ်စားလှယ် (၄၈၅)ဦးတွင် အောက်ပါအတိုင်းတွေ့ရပါသည်။

တပ်မတော်မှ အငြိမ်းစားပေးခံရသူ – ( ၄၂) ဦး

| | |
|---|---|
| အငြိမ်းစားဝန်ထမ်းဟောင်း | – (၁၄၅) ဦး |
| တရားရုံးချုပ်/အထက်တန်းရှေ့နေ | – ( ၅၄) ဦး |
| ဆရာဝန် | – ( ၅၀) ဦး |
| အခြားအရပ်သား | – (၁၉၄) ဦး |
| အမျိုးသမီး | – ( ၁၅) ဦး |

၂၉–၉–၁၉၈၈ မှစပြီး မှတ်ပုံတင်ခွင့်ပြုသည့်ပါတီစုစုပေါင်း (၂၃၅)ပါတီတွင် မိမိဆန္ဒအလျောက် ဖျက်သိမ်းသောပါတီမှာ (၁၀၂)ပါတီ ရှိပါသည်။ ဗကပနှင့်ဆက်သွယ်၍ ဖျက်သိမ်းခံရသောပါတီ (၃)ပါတီ၊ အနည်းဆုံး မဲဆန္ဒနယ် (၃)နယ်တွင် ဝင်ရောက် အရွေးမခံ၍ ဖျက်သိမ်းခံရသည့်ပါတီ (၆)ပါတီ၊ နဝတ၏ (၁/၉၀)အရ မိမိကိုယ်တိုင်လည်း မဖျက်၊ ရွေးကောက် ပွဲလည်း မဝင်၍ ဖျက်သိမ်းခံရသောပါတီ (၃၁)ပါတီ ရှိပါသည်။

(၁၀–၃–၉၀) အထိ ဖျက်သိမ်းပြီးပါတီ စုစုပေါင်း (၁၄၂)ပါတီ ရှိပါသည်။ ရွေးကောက်ပွဲဝင် ပါတီ (၉၃)ပါတီသာ ရှိပါသည်။

ရွေးကောက်ပွဲဝင် (၉၃)ပါတီတွင်

| | |
|---|---|
| တိုင်းရင်းသားလူမျိုးစုအခြေခံပါတီ | – ၃၆ |
| ကျောင်းသားလူငယ် | – ၈ |
| နိုင်ငံရေးသမားဟောင်း | – ၂၀ |
| နိုင်ငံရေးအရည်အသွေးစုံ | – ၂၉ |
| | ၉၃ ပါတီ |

| | |
|---|---|
| ရွေးကောက်ပွဲဝင်ပြီးမှ ပယ်ဖျက်ခံရသောပါတီ | ၈၃ ပါတီ |
| (၂၀–၃–၁၉၉၂)တွင် ကျန်ရှိသောပါတီ | ၁၀ ပါတီ |

1. အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် National League for Democracy (NLD)
2. ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် Shan Nationalities League for Democracy (SNLD)
3. တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ National Unity Party (NUP)
4. ပြည်ထောင်စု ပအိုဝ်အမျိုးသားများအဖွဲ့ချုပ် Union Paoh National Organization
5. ရှမ်းပြည် ကိုးကန့် ဒီမိုကရက်တစ်ပါတီ Shan State Kokan Democratic Party
6. လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ Lahu National Development Party
7. မြို(ခေါ်) ခမီအမျိုးသားညီညွတ်ရေးအဖွဲ့ (မ.ခ.မ.ည.ဖ) MRO(or) Khami National Solidarity Organization (M.K.N. S.O)
8. ဝ, အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ Wa National Development Party
9. ကိုးကန့် ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ Kokan Democratic and Unity Party
10. ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ် Union Karen League

မှတ်ချက်။ ။ အမှတ်စဉ် (၁)မှ (၇)သည် အနည်းဆုံးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအရွေးခံထားရသောပါတီများ ဖြစ်၍ အမှတ်စဉ် (၈, ၉, ၁၀) သုံးပါတီသည် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတစ်ယောက်မျှ အရွေးမခံရသောပါတီများ ဖြစ်ပါသည်။

# ရွေးကောက်တင်မြှောက်ခံရသောပါတီများ

ဤရွေးကောက်ပွဲတွင် (၉၃)ပါတီ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အနည်းဆုံးကိုယ်စားလှယ်တစ်ဦးအထိ ရွေးကောက်တင်မြှောက်ခံရသော ပါတီ (၂၇)ပါတီ ရှိသည်။ ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

မှတ်ချက်။ ။ ပါတီစာရင်းကို ရွေးကောက်တင်မြှောက်ခံရသော ကိုယ်စားလှယ်အနည်းအများအလိုက် စီစဉ်ထားသည်။

| | |
|---|---|
| ၁။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (ဒီချုပ်) | – (၃၉၂) ဦး၊ |
| ၂။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (ရှမ်းတိုင်း ဒီချုပ်) | – ( ၂၃) ဦး၊ |
| ၃။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ရခိုင်ဒီချုပ်) | – ( ၁၁) ဦး၊ |
| ၄။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တ စ ည) | – ( ၁၀) ဦး၊ |
| ၅။ မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့ | – ( ၅) ဦး၊ |
| ၆။ အမျိုးသား လူ့အခွင့်အရေး ဒီမိုကရက်တစ်ပါတီ | – ( ၄) ဦး၊ |
| ၇။ ကချင်ပြည်နယ် အမျိုးသား ဒီမိုကရေစီကွန်ဂရက် | – ( ၃) ဦး၊ |
| ၈။ ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် | – ( ၃) ဦး၊ |
| ၉။ အမျိုးသား ဒီမိုကရေစီပါတီ | – ( ၃) ဦး၊ |
| ၁၀။ ပြည်ထောင်စု ပအို့ဝ်အမျိုးသားအဖွဲ့ချုပ် | – ( ၃) ဦး၊ |
| ၁၁။ ကယားပြည်နယ် လူမျိုးပေါင်းစုံ ဒီမိုကရေစီအဖွဲ့ချုပ် | – ( ၂) ဦး၊ |
| ၁၂။ ကယန်းအမျိုးသားများ စည်းလုံးညီညွတ်ရေး ဒီမိုကရေစီအဖွဲ့ | – ( ၂) ဦး၊ |
| ၁၃။ ဇိုမီး အမျိုးသားကွန်ဂရက် | – ( ၂) ဦး၊ |
| ၁၄။ နာဂတောင်တန်း ဒေသ တိုးတက်ရေးပါတီ | – ( ၂) ဦး၊ |
| ၁၅။ တအောင်း (ပလောင်) အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် | – ( ၂) ဦး၊ |
| ၁၆။ ကမန်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် | – ( ၁) ဦး၊ |
| ၁၇။ ကရင်ပြည်နယ် အမျိုးသားများအဖွဲ့ချုပ် | – ( ၁) ဦး၊ |
| ၁၈။ ဒီမိုကရေစီပါတီ | – ( ၁) ဦး၊ |
| ၁၉။ ဒီမိုကရက်တစ် တက္ကသိုလ်ဘွဲ့ရနှင့် ကျောင်းသားဟောင်းများအဖွဲ့ | – ( ၁) ဦး၊ |
| ၂၀။ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် | – ( ၁) ဦး၊ |
| ၂၁။ ပြည်ထောင်စု ဓနုအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် | – ( ၁) ဦး၊ |
| ၂၂။ ပြည်ထောင်စု အမျိုးသားများ ဒီမိုကရေစီပါတီ (ယူအင်ဒီပီ) | – ( ၁) ဦး၊ |
| ၂၃။ မရာ ပြည်သူ့ပါတီ | – ( ၁) ဦး၊ |
| ၂၄။ မြို ခေါ် ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့ | – ( ၁) ဦး၊ |
| ၂၅။ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ | – ( ၁) ဦး၊ |
| ၂၆။ ရှမ်းပြည်နယ် ကိုးကန့် ဒီမိုကရက်တစ်ပါတီ | – ( ၁) ဦး၊ |
| ၂၇။ လားဟူ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | – ( ၁) ဦး၊ |
| * တသီးပုဂ္ဂလများ | – ( ၆) ဦး၊ |
| | ၄၈၅ ဦး၊ |

န.ဝ.တ ဥက္ကဌ ဗိုလ်ချုပ်မှူးကြီးစောမောင်က ရွေးကောက်ပွဲပြီးလျှင်၊ တပ်မတော်သည် စစ်တန်းလျားပြန်မည် ဆိုသော်လည်း ယနေ့တိုင် လွှတ်တော်ခေါ်ပေးခြင်းမရှိပါ။ အနိုင်ရ **NLD** ပါတီအား အာဏာလွှဲပေးခြင်း မရှိပါ။

၁၉၈၉ခုနှစ် စက်တင်ဘာလ (၁၆)ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နှင့် တိုင်းရင်းသားလူမျိုးစု နိုင်ငံရေးပါတီအဖွဲ့အစည်းများဖြစ်ကြသည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့၊ ဇိုမီးအမျိုးသားကွန်ဂရက်တို့က ၁၉၉၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ တင်မြှောက်လိုက်သော ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မီတီ **(CRPP)** ကို ဖွဲ့စည်းလိုက်ပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၈၅)ဦး အရွေးခံရပြီး၊ **CRPP** ဖွဲ့ချိန်တွင် (၂၆)ဦး ကွယ်လွန်ခဲ့ကြပြီး ဖြစ်၍၊ (၄၅၉)ဦးသာ ကျန်ပါသည်။ (၂၅၁)ဦးမှ **CRPP** ကို ကိုယ်စား ဆောင်ရွက်ခွင့် **mandate** ပေးအပ်ထားပါသည်။

စစ်အစိုးရမှ **CRPP** ကို အမျိုးမျိုးနှောင့်ယှက်ပါသည်။ ၁၉၉၈ခုနှစ် စက်တင်ဘာလ (၁၈)ရက်နေ့တွင် ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က "ကျွန်မတို့ဟာအများပြည်သူကနေပြီးတော့၊ ရွေးချယ်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားအဖွဲ့ဖြစ်ပါတယ်။ အဲဒီလွှတ်တော်ရဲ့ ကိုယ်စားလှယ်(၅၀)ရာခိုင်နှုန်းကျော်ရဲ့ လုပ်ဆောင်ပိုင်ခွင့်ကို ရရှိထားတဲ့ အဖွဲ့လည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ရဲ့ လုပ်ဆောင်ချက်တွေကို တပ်မတော်သားများအပါအဝင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ဝိုင်းဝန်းပြီးတော့ ထောက်ခံကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်"ဟု ပြောဆိုခဲ့ ပါသည်။

၁၉၉၉ ခုနှစ် ဒီဇင်ဘာလ (၁၇)ရက်နေ့တွင် ချမှတ်သည့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက် အမှတ် ၅၄၊၁၈၆ ကောက်နုတ်ချက်တွင်

"အခြေအနေအရပ်ရပ်တွင် အခါအားလျော်စွာ ပေးထားခဲ့သည့် အာမခံချက်များကို ထည့်သွင်းစဉ်းစားလျက် ၁၉၉၀ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ဒီမိုကရေစီရွေးကောက်ပွဲများတွင် ဖော်ပြခဲ့သည့် ပြည်သူများ၏ ဆန္ဒသဘောထားနှင့် အညီ ဒီမိုကရေစီစနစ် ပြန်လည်တည်ဆောက်ခြင်းဆီသို့ ရှေ့ရှုဦးတည်သည့် လုပ်ငန်းအဆင့်များအားလုံးကို ဆောင်ရွက် အကောင်အထည်ဖော်ရန်၊ ထိုရည်မှန်းချက်ပန်းတိုင်သို့ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်ရန် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးခေါင်းဆောင်များနှင့် တိုင်းရင်းသားကိုယ်စားလှယ်များဖြင့် ခိုင်မာထိရောက်သည့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုတရပ် ပြုလုပ်ရန်၊ မြန်မာအစိုးရကို ပြင်းပြင်းထန်ထန်တိုက်တွန်းသည်။ ထိုအခြေအနေတွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မီတီ တည်ရှိနေမှုကို ဂရုထား အသိအမှတ်ပြုသည်ဟု ဆိုထားပါသည်။

၁၉၉၀ ပြည့် ရွေးကောက်ပွဲသည် ထူးခြားသောအင်္ဂါရပ် (၃)ရပ်ရှိသည်ဟု သုံးသပ်ချင်ပါသည်။ (၁) အာဏာသိမ်း စစ်အစိုးရကိုယ်တိုင်က အသိအမှတ်ပြု ဦးစီးကျင်းပပေးသော ရွေးကောက်ပွဲဖြစ်ပါသည်။ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုကြေညာထားပြီးဖြစ်ပါသည်။ (၂) ပါတီပေါင်းစုံပါဝင်ယှဉ်ပြိုင်ကြပြီး၊ ပြည်သူတစ်ရပ်လုံးကလည်း ထောက်ခံပြီး၊ ကိုယ်တိုင်မဲပေးရွေးချယ်ခဲ့ကြခြင်း ဖြစ်ပါသည်။ တရားမျှတသောရွေးကောက်ပွဲဖြစ်သည်ဟု အားလုံးက အသိအမှတ်ပြုထားပြီးဖြစ်ပါသည်။ (၃) ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှ အသိအမှတ်ပြုထားသော ရွေးကောက်ပွဲ ဖြစ်ပါသည်။ ရွေးကောက်ပွဲရလဒ်မှပေါ်ထွက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို နိုင်ငံတကာမှ ဥပဒေ ကြောင်းအရ အသိအမှတ်ပြုထားခြင်းဖြစ်ပါသည်။ စစ်အစိုးရမှ ဤရွေးကောက်ပွဲရလဒ်ကို နည်းမျိုးစုံဖြင့်ဖျက်ဆီးပြီး၊ ပျက်ပြယ်စေလိုသော်လည်း၊ နောင်တကြိမ် မြန်မာနိုင်ငံတွင် တရားမျှတသောရွေးကောက်ပွဲမပေါ်ပေါက်မချင်း၊ ဤရွေးကောက်ပွဲသည် အတည်သာဖြစ်ပါသည်။

၁၉၉၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲသည် ၁၉၈၈ ဒီမိုကရေစီအရေး လူထုအုံကြွမှုကြီးမှ ပေါ်ပေါက်လာသော ရလဒ်တစ်ခုပင် ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းတွင် 'လူတိုင်းတွင် မိမိနိုင်ငံ၏အုပ်ချုပ်ရေး၌ ကိုယ်တိုင်ဖြစ်စေ၊ လွတ်လပ်စွာရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များမှတဆင့်ဖြစ်စေ၊ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

ပြည်သူပြည်သားတို့၏ ဆန္ဒသည် အုပ်ချုပ်မှုအာဏာ၏ အခြေခံဖြစ်ရမည်။ အဆိုပါ ဆန္ဒကို အချိန်ကာလ ပိုင်းခြားလျက် စစ်မှန်သောရွေးကောက်ပွဲများဖြင့် ထင်ရှားစေရမည်။ ရွေးကောက်ပွဲများတွင်လည်း လူတိုင်း အညီအမျှ ဆန္ဒမဲ ပေးနိုင်ခွင့် ရှိရမည့်အပြင်၊ ထိုရွေးကောက်ပွဲများကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ဖြစ်စေ၊ အလားတူ လွတ်လပ်သောမဲပေး စနစ်ဖြင့်ဖြစ်စေ၊ အလားတူ လွတ်လပ်သော မဲပေးစနစ်ဖြင့်ဖြစ်စေ၊ ကျင်းပရမည်ဟု ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲသည် ပြည်သူများ၏ဆန္ဒအမှန်ကို ဖော်ထုတ်ပေးသော ရွေးကောက်ပွဲဖြစ်သည်။ အနိုင်ရ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဒီမိုကရေစီ နိုင်ငံတော်ကို ဖယ်ဒရယ် ပြည်ထောင်စုစနစ်ဖြင့် ထူထောင်သွားရန် ဖြစ်ပါသည်။

၁၉၆၂ ခုနှစ် မှ ၁၉၈၈ ကာလအတွင်း စစ်အာဏာရှင်အုပ်ချုပ်မှုအောက်၌ ပြည်သူလူထုသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ဆုံးရှုံးနစ်နာခဲ့ရပါသည်။ ပြည်သူ့ဆန္ဒဖြင့် ရွေးချယ်ထားသော ကိုယ်စားလှယ်များထံ နိုင်ငံတော်အာဏာ လွှဲပေးခြင်းမရှိဘဲ၊ ယနေ့တိုင်အောင် စစ်အာဏာရှင်တစ်စု၏လက်အောက်၌ ပြည်သူများ ဒုက္ခဆင်းရဲပေါင်းစုံနှင့်ဆက်လက် ရင်ဆိုင်နေရပါသည်။

ထို့ကြောင့် ၁၉၈၈ ပြည်သူ့ဆန္ဒဖော်ထုတ်ပွဲ ၁၉၉၀ ရွေးကောက်ပွဲဖြင့် ပြည်သူ့ဆန္ဒ ဖော်ထုတ်ခြင်းများ ပြုလုပ်ရုံနှင့် မလုံလောက်သေးပါ။ မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေး၊ လူ့အခွင့်အရေး တန်းတူခံစားရရှိရေး၊ ဖယ်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး၊ စစ်အာဏာရှင်စနစ် ဆန့်ကျင်ဖြုတ်ချရေးအတွက် ပြည်သူတရပ်လုံးသည် ဆက်လက်တိုက်ပွဲဝင်ရမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သမိုင်းသင်ခန်းစာများ အတွေ့အကြုံများကို ယူပြီး၊ နိုင်ငံရေးဦးဆောင်ပါတီများ၊ နိုင်ငံရေး

အဖွဲ့အစည်းများ၊ လူထု လူတန်းစား အလွှာပေါင်းစုံ၊ ကျောင်းသား သံဃာ၊ အလုပ်သမား၊ လယ်သမားအပါအဝင်၊ တပ်ပေါင်းစုကြီးသည် ပြည်တွင်းပြည်ပရှိ အင်အားစုများသည် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံရေးဦးဆောင်ပါတီဖြစ်သော **NLD** နှင့် အနိုင်ရပါတီများ၊ ပြည်သူကို ကိုယ်စားပြုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားပြု **CRPP** နှင့် အဖွဲ့အစည်းအသီးသီးမှ နိုင်ငံရေးခေါင်းဆောင်များ၊ တနိုင်ငံလုံးအတိုင်းအတာဖြင့် ပူးပေါင်းလုပ်ရှားကြရမည်ဖြစ်ပါသည်။

ထို့အပြင် တိုင်းနှင့်ပြည်နယ်အလိုက် ကိုယ်စားပြုသော ပြည်သူ့ခေါင်းဆောင်များသည် မိမိတို့ ဒေသအတွင်း ပိုမို၍ အဓိကထား အသေးစိတ် လှုပ်ရှားရန် လိုအပ်သည်ဟု ထင်မြင်ယူဆမိပါသည်။ ချင်းပြည်နယ်၏ ပြည်သူ့ကိုယ်စားလှယ်များနှင့် ချင်းပြည်နယ်အခြေခံသော နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများသည် ချင်းပြည်နယ်၏အရေးကို ပို၍ လှုပ်ရှားရန် လိုအပ်ပါသည်။ မိမိတို့၏ ပြည်နယ်ဒေသအတွက် လှုပ်ရှားခြင်းသည် မြန်မာနိုင်ငံ တနိုင်ငံလုံးအတွက် အစိတ်အပိုင်းတစ်ရပ်အဖြစ်၊ လှုပ်ရှားခြင်းဖြစ်သောကြောင့်၊ ကျွန်ုပ်တို့အားလုံးက ထောက်ခံအားပေးရမည်ဖြစ်ပါသည်။

ဂျူလီယာထန်
မှီငြမ်းကိုးကားချက်များ

- မြန်မာ့အလင်းအောင်းသန်းပြုစုသော "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှတ်တမ်း"
- အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ လွတ်မြောက်နယ်မြေ၊ ဂျပန်ဌါနခွဲမှ ထုတ်ဝေသော "ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မီတီ သမိုင်းဝင် မှတ်တမ်းမှတ်ရာများ၊ ၁၉၉၈–၂၀၀၃"
- ၁၉၉၀ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မီရှင်အစီရင်ခံစာ

## 27th May 2004 Tokyo, Japan





# 27th May 2005 Tokyo, Japan







# 27th May 2006 Tokyo, Japan






